# Fifth Sunday of Easter - A

## 1st READING: *Acts 6:1-7*

တမန်တော်ဝတ္ထု ၆း ၁–၇

ထိုနေ့ရက်များ၌တပည့်တော်တို့၏အရေအတွက်တိုးပွားလာ၏။ထိုအခါနေ့စဉ်အစားအစာဝေငှခြင်း၌မိမိတို့ထဲမှမုဆိုးမများသည်လျစ်လျူရှုထားခြင်းခံရကြောင်းဂရိစကားပြောသောသူတို့ကဟေဗြဲစကားပြောသူတို့အပေါ်ညစ်ညူးအပြစ်တင်ကြ၏။ထို့ကြောင့်တစ်ကျိပ်နှစ်ပါးတို့သည်တပည့်တော်အပေါင်းတို့ကိုစုဝေးစေ၍ဆိုကြသည်မှာငါတို့သည်ဘုရားသခင်၏နှုတ်ကပတ်တော်ဟောပြောခြင်းအမှုကိုစွန့်၍စားပွဲ၌ပြုစုလုပ်ကျွေးခြင်းကိုဆောင်ရွက်ရမသင့်လျော်ချေ။ထို့ကြောင့်ညီအစ်ကိုတို့သင်တို့တွင်ဂုဏ်သိက္ခာရှိ၍သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်း၊ဉာဏ်ပညာအမြော်အမြင်၌လည်းကောင်းပြည့်စုံသောသူခုနစ်ဦးကိုရွေးချယ်ကြသော၊ငါတို့သည်ဤအမှုကိုဆောင်ရွက်ရန်ထိုသူတို့အားခန့်ထားမည်။ငါတို့မူကား၊ဆုတောင်းပတ္ထနာပြုခြင်းနှင့်နှုတ်ကပတ်တရားတော်ဟောပြောခြင်းအမှုတော်များ၌သာမြဲမြံစွာဆောင်ရွက်ကြမည်ဟုဆိုကြ၏။လူအစုအဝေးအားလုံးသည်သူတို့ပြောသောစကားကိုနှစ်သက်ကြသဖြင့်ယုံကြည်ခြင်းနှင့်လည်းကောင်း၊သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်းပြည့်စုံသောစတီးဖင်း၊ဖိလစ်၊ပရိုခိုရု၊နိကာနော်၊တိမုန်၊ပါမေနဂျူးဘာသာထဲသို့ဝင်လာသောအန္တိယောခ့်မြို့သားနိကောလတို့ကိုရွေးကောက်ကြ၏။သူတို့သည်ဤသူများလိုတမန်တော်ရှေ့သို့ခေါ်ဆောင်လာကြ၍တမန်တော်တို့သည်လည်းဆုတောင်းလျှင်မိမိတို့လက်များကိုသူတို့အပေါ်သို့တင်ကြ၏။ ဘုရားသခင်နှုတ်ကပတ်တရားတော်သည်ဆက်လက်၍ပျံ့နှံ့လေ၏။ဂျေရုဆလင်မြို့တွင်တပည့်တော်များ၏အရေအတွက်သည်များစွာတိုးပွားလာလေ၏။မြောက်များစွာသောရဟန်းများသည်လည်းယုံကြည်ခြင်းကိုကျိုးနွံ့လက်ခံလာကြ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalm  33:1-2, 4-5, 18-19

ဆာလံကျမ်း ၃၃

**သံပြိုင်**။ ။ အိုထာဝရဘုရား၊ ကိုယ်တော်၏ ခိုင် မြဲသောမေတ္တာတော်ကို တပည့်တော်တို့အပေါ် သက်ရောက်စေတော်မူပါ။

R.  **Lord, let your mercy be on us, as we place our trust in you.**

၁။   အိုဖြောင့်မတ်သောသင်တို့ထာဝရဘုရား၌ရွှင်လန်းဝမ်းမြောက်ကြလော့။ ထောမနာပြုခြင်းသည်ဖြောင့်မတ်သူတို့အတွက်သင့်လျော်ပေ၏။ စောင်းတီး၍၊ထာဝရဘုရားအားချီးမွမ်းကြလော့။ကြိုးဆယ်ပင်ရှိသောစောင်းကိုတီး၍၊ထာဝရဘုရားကိုသီဆိုဧကျူးကြလော့။ **သံပြိုင်**။ ။

Exult, you just, in the LORD; praise from the upright is fitting. Give thanks to the LORD on the harp; with the ten-stringed lyre chant his praises.

၂။   အကြောင်းမူကား၊ထာဝရဘုရား၏နှုတ်ကပတ်တော်သည်မှန်ကန်ဖြောင့်မတ်ပေ၏။ကိုယ်တော်ဆောင်ရွက်တော်မူသမျှတို့သည်သစ္စာတရားနှင့်လျော်ညီကြ၏။ထာဝရဘုရားသည်တရားမျှတမှုနှင့်ဖြောင့်မတ်မှန်ကန်မှုတို့ကိုနှစ်သက်မြတ်နိုးတော်မူ၏။ကမ္ဘာမြေကြီးသည်ထာဝရဘုရား၏ခိုင်မြဲသောမေတ္တာတော်နှင့်ပြည့်ဝလျက်ရှိ၏။ **သံပြိုင်**။ ။

Upright is the word of the LORD, and all his works are trustworthy. He loves justice and right; of the kindness of the LORD the earth is full.

၃။ သို့သော်ထာဝရဘုရားသည်မိမိအားကြောက်ရွံ့သောသူအပေါင်းတို့နှင့်ခိုင်မြဲသောမေတ္တာတော်ကိုမျှော်လင့်ကိုးစားသောသူအပေါင်းတို့အားသေဘေးမှကင်းလွတ်စေပြီး၊အစာခေါင်းပါးသည့်ကာလ၌အသက်ရှင်စေရန်ကြည့်ရှုလျက်ရှိတော်မူ၏။ **သံပြိုင်**။ ။

See, the eyes of the LORD are upon those who fear him, upon those who hope for his kindness, to deliver them from death and preserve them in spite of famine.

## 2nd READING: 1 Peter 2:4-9

ရှင်ပေတရုဩဝါဒစာပထမစောင်   ၂း၄–၉

သို့ဖြစ်၍အသက်ရှိသောကျောက်ဖြစ်တော်မူသည့်သခင်ဘုရားထံသို့လာကြလော့။ ထိုကျောက်သည်လူတို့ပစ်ပယ်ထားခြင်းခံရသော်လည်းဘုရားသခင်၏ရွေးချယ်ခြင်းကိုခံရသည့်အဖိုးတန်ကျောက်ဖြစ်တော်မူ၏။ သင်တို့သည်သက်ရှိကျောက်များအဖြစ်ကိုယ်တော်ထံလာ၍ဗိမ္မာန်တော်တည်ဆောက်ရေးတွင်ပါဝင်အသုံးခံကြလော့။ထိုဝိညာဉ်ဗိမ္မာန်တော်တွင်သင်တို့သည်ဘုရားသခင်နှစ်သက်တော်မူသောဝိညာဉ်ယဇ်ကိုသခင်ယေရှုခရစ်တော်အားဖြင့်ပူဇော်သောသန့်ရှင်းမြင့်မြတ်သည့်ယဇ်ပုရောဟိတ်အနွယ်ဝင်များဖြစ်ကြလိမ့်မည်။ ထိုသို့နှင့်အညီကျမ်းစာတော်တွင်ငါသည်အဖိုးတန်ကျောက်တစ်လုံးကိုရွေးချယ်၍ဇိအုန်တောင်ပေါ်၌ထောင့်ချုပ်ကျောက်အဖြစ်ချထား၏။ ထိုအရှင်ကိုယုံကြည်သူသည်စိတ်ပျက်အရှက်ရလိမ့်မည်မဟုတ်ဟုရေးသားဖော်ပြထားသည်။ဤကျောက်သည်ယုံကြည်သူသင်တို့အဖို့တန်ဖိုးရှိ၍ဂုဏ်ယူဘွယ်ရာဖြစ်၏။မယုံကြည်သူတို့အဖို့မှာတိုက်ကိုတည်ဆောက်သောသူတို့ပစ်ပယ်ထားသောကျောက်သည်အရေးကြီးသောထောင့်ချုပ်ကျောက်ဖြစ်လာရ၏ဟူ၍လည်းကောင်း၊တဖန်ဤကျောက်သည်လူတို့ခလုတ်ထိမိ၍လဲကျစရာဖြစ်စေသောကျောက်ဖြစ်၏ဟူ၍လည်းကောင်းကျမ်းစာတွင်ဖော်ပြထားသည်။ ဘုရားသခင်ကြိုတင်သိမြင်ထားတော်မူသည့်အတိုင်းသူတို့သည်နှုတ်ကပတ်တရားကိုမယုံကြည်ကြသဖြင့်ထိုကျောက်တွင်ခလုတ်ထိမိ၍လဲကြ၏။ သင်တို့သည်ရွေးချယ်တော်မူခြင်းခံရသောလူမျိုး၊ယဇ်ပုရောဟိတ်မင်းရဟန်းမျိုး၊သန့်ရှင်းမွန်မြတ်သည့်လူမျိုး၊ဘုရားသခင်ပိုင်ဆိုင်တော်မူသောလူမျိုးဖြစ်ကြ၏။ ဘုရားသခင်သည်မိမိပြုလုပ်တော်မူသောအံ့ဩဖွယ်ကောင်းသည့်အမှုအရာများကို ဖော်ပြစေခြင်းငှါ သင်တို့အားအမှောင်ထဲမှအံ့ဖွယ်သောအလင်းတော်သို့ခေါ်တော်မူလေပြီ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***John 14:1-12***

ရှင်ယောဟန်ဧဝံဂေလိကျမ်း ၁၄း၁–၁၂

သခင်ယေရှုးကသင်တို့၏စိတ်နှလုံးပူပန်ခြင်းမရှိကြစေနှင့်။ ဘုရားသခင်ကိုယုံကြည်ကြလော့။ငါ့ကိုလည်းယုံကြည်ကြလော့။ ငါ့ခမည်းတော်၏အိမ်တော်၌အခန်းများစွာရှိ၏။ထိုသို့မဟုတ်ခဲ့ပါလျှင်ငါသည်သင်တို့အတွက်နေရာပြင်ဆင်ရန်သွားမည်ဟုပြောပါမည်လော။ငါသည်သင်တို့အတွက်နေရာပြင်ဆင်ရန်သွားပြီးနောက်တဖန်ပြန်လာ၍ငါရှိသောနေရာတွင်သင်တို့လည်းရှိစေမည့်အကြောင်းသင်တို့ကိုငါထံသို့ခေါ်ဆောင်မည်။ ငါသွားမည့်လမ်းကိုသင်တို့သိကြဟုမိန့်တော်မူ၏။ထိုအခါသောမတ်ကသခင်ဘုရားမည်သည့်အရပ်သို့ကိုယ်တော်သွားမည်ကိုတပည့်တော်တို့မသိကြသောကြောင့်လမ်းခရီးကိုလည်းမည်ကဲ့သို့သိနိုင်ကြမည်နည်းဟုကိုယ်တော်အားမေးလျှောက်၏။ သခင်ယေရှုးကငါသည်လမ်းဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုဘဲမည်သူမျှခမည်းတော်ထံသို့မရောက်နိုင်။ သင်တို့သည်ငါ့ကိုသိကြပါလျှင်ငါ၏ခမည်းတော်ကိုလည်းသိကြလိမ့်မည်။ ယခုမှစ၍သင်တို့သည်ငါ၏ခမည်းတော်ကိုသိကြ၍ဖူးမြင်ကြရလေပြီဟုသူ့အားမိန့်တော်မူ၏။ ဖိလစ်ကလည်းသခင်ဘုရား၊ခမည်းတော်ကိုတပည့်တော်တို့အားပြတော်မူလျှင်တပည့်တော်တို့အလိုပြည့်စုံပါလိမ့်မည်ဟုကိုယ်တော်အားလျှောက်၏။ သခင်ယေရှုးကသူ့အားမိန့်တော်မူသည်မှာဖိလစ်၊ငါသည်သင်တို့နှင့်အတူဤမျှလောက်ကြာအောင်နေခဲ့ပါသော်လည်းသင်သည်ငါ့ကိုမသိသလော။ ငါ့ကိုမြင်ရသောသူသည်ခမည်းတော်ကိုလည်းဖူးမြင်ရ၏။ ခမည်းတော်ကိုတပည့်တော်တို့အားပြပါဟုအဘယ်ကြောင့်သင်ဆိုနိုင်သနည်း။ငါသည်ခမည်းတော်၌တည်ရှိ၍ခမည်းတော်သည်လည်းငါ၌တည်ရှိကြောင်းကုသင်တို့မယုံကြည်ကြသလော။ သင်တို့အားငါပြောသောစကားများကိုငါပြောသည်မဟုတ်။သို့သော်ငါ၌တည်ရှိတော်မူသောခမည်းတော်သည်မိမိအမှုတော်များကိုဆောင်ရွက်တော်မူခြင်းဖြစ်၏။ ငါသည်ခမည်းတော်၌တည်ရှိ၍ခမည်းတော်သည်လည်းငါ၌တည်ရှိသည်ကိုယုံကြည်ကြလော့။ ဤသို့မဟုတ်လျှင်ငါပြုသောအမှုအရာများကိုထောက်၍ငါ့ကိုယုံကြည်ကြလော့။သင်တို့အားငါဧကန်အမှန်ဆိုသည်ကားငါ့ကိုယုံကြည်သောသူသည်ငါပြုသောအမှုများကိုပြုလိမ့်မည်။သူသည်ထိုထက်ကြီးမြတ်သောအမှုများကိုလည်းပြုလိမ့်မည်။အကြောင်းမူကားခမည်းတော်ထံသို့သွားမည်ဖြစ်သောကြောင့်တည်း။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။